Inya Economics


photo credit: https://doc-research.org

# အနာဂတ် ဆိုရှယ် ဒီမိုကရေစီနှင့် စီးပွားရေး အနုလောမ

August, 2020

စောလဲဘွဲ့ထူး

Domenico Mario Nuti ၏ Rise, Fall and the Future of Socialism ကို ဆီလျော်အောင် ဘာသာပြန်ပါသည်။

ကွန်မြူနစ်ကြေငြာစာတမ်းတွင် အတိအပဆိုထားသည့်အတိုင်း အရှင်းရှင်စနစ်သည် စီးပွားရေးတိုးတက်မှုကို အားပေးသည်။ ခေတ်သစ်နည်းပညာကိုတိုးတက်စေသည်။ ကမ္ဘာမြေတစ်ခွင်လုံးကို ကြွယ်ဝမှုနှင့် ပြည့်စေသည်။ သို့သော် အလုပ်လက်မဲ့နှုန်း၊ စီးပွားပျက်ကပ်နှင့် မညီမျှမှုကို ကြီးကြီးမားမားဖြစ်စေသည်။ အရှင်းရှင်စနစ်၏ အဆိုပါအားနည်းချက်များသည် ဆိုရှယ်လစ်စနစ်ကို ရှင်သန်အမြစ်တွယ်စေသည်။

ကမ္ဘာ့စစ် ဖြစ်လာခြင်း၊အစုလိုက် အပြုံလိုက်ပြောင်းရွှေ့ခြင်း၊ ဒီဂျစ်တယ်ကမ္ဘာသို့ ချဉ်းနင်းပြောင်းလဲလာခြင်း၊အသိဉာဏ်တုနှင့် စက်ရုပ်များ အစားထိုးလုပ်ကိုင်လာခြင်းတို့ကြောင့် စီးပွားရေးတိုးတက်သလောက် မညီမျှမှုကွာဟချက် ကြီးမားလာရာ ဆိုရှယ်လစ်စနစ်ကို ပြန်လည်တောင့်တမှုများ မြင့်တက်လာရသည်။

ခေတ်သစ်ဆိုရှယ်လစ်စနစ်သည် တရုတ်၊ ဆိုဗီယက်နှင့် ယူရိုဆလာဗီးယားများနိုင်ငံရှိ နိုင်ငံရေးမော်ဒယ်များကို မိတ္တူမပွားသင့်တော့ပါ။သို့သော် ၎င်းတို့၏ ဆိုရှယ်ဒီမိုကရေစီ စီးပွားရေးဈေးကွက် ဖော်ဆောင်မှုများ၊ စီးပွားရေးပေါ်လစီချမှတ်မှုများကိုမူ လေ့လာဆန်းစစ်သင့်သည်။ ခေတ်သစ် ဆိုရှယ်ဒီမိုကရေစီသည် ကျမ်းရင်း ဆိုရှယ်လစ်မှ သဘောတရားရေးကွဲလွဲမှု မရှိနိုင်သော်လည်း အပြင်း အပျော့ ကွာနိုင်သည်။ ခေတ်သစ် ဘောဂဗေဒ သီဝရီများ၊ ပေါ်လစီများလည်း မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်လာနိုင်သည်။

ဆိုရှယ်လစ်စနစ်ကို အဓိကအားဖြင့် အပိုင်း (၄) ပိုင်းခွဲ၍ သုံးသပ်နိုင်သည်။၎င်းတို့မှာ (၁) ကုန်ထုတ်လုပ်မှုတွင် ပြည်သူပိုင်ဖြစ်ခြင်း၊ (၂) သာတူညီမျှရှိခြင်း၊ (၃) စီးပွားရေးနှင့် ဒီမိုကရေစီ ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်မှုရှိခြင်းနှင့် (၄) မေကရိုဘောဂဗေဒ ကိန်းရှင်များအပေါ် လူမှုကောင်းကျိုးအတွက် ထိန်းညှိနိုင်ခြင်းတို့ ဖြစ်သည်။ အထက်ပါ အပိုင်းလေးပိုင်းကို အချိုးအစားအလိုက် ဖော်စပ်သည့်အခါ ဆိုရှယ်လစ်စနစ် (၇)မျိုးကို တွေ့မြင်နိုင်သည်။

### ၁။ ၁၉၂၈/၃၂ - ၁၉၉၀ခုနှစ်များ အကြားရှိ ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံတွင် ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စနစ်

- နိုင်ငံပိုင် စက်ရုံများမှ ကုန်ထုတ်လုပ်ခြင်း၊
ဈေးနည်း၍ ရောင်းလိုအားပိုလျှံနေသော ထုတ်ကုန်ပစ္စည်း များကို ပြည်သူများမှ အလွယ်တကူရရှိနိုင်ခြင်း၊

- DEMOCRATIC CENTRALISM ဟုဆိုသော်လည်း တကယ့်လက်တွေ့တွင် ကွန်မြူနစ်ပါတီတစ်ခုတည်းမှ အာဏာရယူထားခြင်း၊

- မေကရိုစီးပွားရေးအပေါ် ဗဟိုမှ ချုပ်ကိုင်ထားခြင်း စသည့် ဆိုရှယ်လစ်စနစ်ဖြစ်သည်။

### ၂။ ၁၉၇၈နှစ်ကုန်ပိုင်း မှ ၁၉၉၀နှစ်များ အကြားရှိတရုတ်နည်းကျ ဆိုရှယ်လစ်စနစ်

- တိုးတက်မှုနှင့် သာတူညီမျှရှိခြင်း၊ တိုင်းနယ်အားလုံးရှိ စက်ရုံများကို အများပိုင်စနစ်ထားရှိထားခြင်း ၊ နယ်မြေဒေသအလိုက်ခွဲခြား၍ ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်း၊

- အလယ်အလတ်တန်းစား အာဏာရှင်စနစ် (MODERATE AUTHORITARIAN) စနစ်ကျင့်သုံးခြင်း၊

- ၁၉၉၇ ခုနှစ်မှစ၍ ပုဂ္ဂလိကစီးပွားရေးလုပ်ကိုင်မှုအတွက် လမ်းဖွင့်ပေးခြင်း နှင့် ၂၀၀၇ ခုနှစ်မှစ၍ အရှိန်အဟုန်မြင့် တိုးတက်လာခြင်းစသည့် ဆိုရှယ်လစ်စနစ်ဖြစ်သည်။

**၃။ ၂၀၀၁ခုနှစ် တရုတ်နိုင်ငံမှ WTO အဖွဲ့ဝင်ဖြစ်လာသည့် အချိန်မှစ၍ ကျင့်သုံးသော ဆိုရှယ်လစ်စနစ်**

- ၂၀၀၅ ခုနှစ်မှစ၍ အများပိုင်စီးပွားရေးစနစ်အမြစ်ပြတ်သွားခြင်း ၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေး အပြိုင်အဆိုင်တိုးတက်လာသော်လည်း စီးပွားရေးကဏ္ဍများတွင် ဗဟိုမှ ချုပ်ကိုင်ထားခြင်း နှင့် စီးပွားရေးပေါ် လစီများကိုတရုတ်နည်းကျ ချမှတ်ကျင့်သုံးခြင်း၊

- ကွန်မြူနစ်ပါတီမှ တစ်ပါတီစနစ်ကျင့်သုံးခြင်း၊

- လာဘ်ပေး လာဘ်ယူများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာခြင်းနှင့် မညီမျှခြင်းကွာဟမှု ကြီးထားလာခြင်း စသည့် ဆိုရှယ်လစ်စနစ်ဖြစ်သည်။

**၄။ ၁၉၂၁ - ၂၆ အကြား ဆိုဗီယက်ယူနီယံတွင် ထွန်းကားခဲ့သော ဈေးကွက်စီးပွားရေး ဆိုရှယ်လစ်စနစ်**

- ပုဂ္ဂလိက စီးပွားရေးစနစ် ၊ ပြည်တွင်းပြည်ပ ဈေးကွက်ချဲ့ထွင်နိုင်ခြင်း၊ မေကရို စီးပွားရေး တည်ငြိမ်ခြင်း၊ ဝင်ငွေနှင့် ကြွယ်ဝမှုမရှိခြင်းစသည် ဈေးကွက်စီးပွားရေး ဆိုရှယ်လစ်စနစ်ဖြစ်သည်။

- ၁၉၅၀ - ၁၉၉၀ နှစ်များအကြား ယူဂိုဆလားဗီးယား တွင် ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စနစ်ဖြစ်သည်။

**၅။ ၁၉၉၀ - ၉၃ အကြား ပြောင်းလဲရေးစတင်ခဲ့ချိန်နှင့် ယနေ့ခေတ်ရုရှတွင် သမ္မတပူတင်ကျင့်သုံးသော ပို့စ်ဆို ရှယ်လစ်စီးပွားရေးစနစ် (POST SOCIAL ECONOMICS)**

- အစိုးရမှ လွှမ်းမိုးထားခြင်း၊

- ပုဂ္ဂလိကစီးပွားရေး လုပ်ကိုင်နိုင်ခြင်း၊ အလုပ်လက်မဲ့နှုန်း၊ ငွေဖောင်းပွမှုနှုန်းနှင့် စီးပွားရေး မတည်ငြိမ်မှု များ ဖြစ်ပေါ်ခြင်း၊

- မညီမျှခြင်းကွာဟမှု ကြီးမားခြင်း၊

- စီးပွားရေးနှင့် နိုင်ငံရေး အခင်းအကျင်းတွင် ပူးပေါင်းပါဝင်မှုမရှိခြင်း စသည့် ဆိုရှယ်လစ်စနစ်ဖြစ်သည်။

**၆။ ဆိုရှယ်ဒီမိုကရေစီမော်ဒယ်များ တနည်း အရှင်းရှင်စီးပွားရေးစနစ်ကျင့်သုံးသော ဆိုရှယ်လစ်စနစ်**

- ကမ္ဘာစစ်အလွန် စကန်ဒီနေးဗီးယန်းနိုင်ငံများ ကျင့်သုံးခဲ့သော ဆိုရှယ်ဒီမိုကရေစီ စနစ်ဖြစ်သည်။

- ပုဂ္ဂလိကစီးပွားရေးစနစ်ထွန်းကားခြင်း၊ SOCIALIZATION OF CONSUMPTION စသည် အမူအကျင့်ရှိခြင်း၊ အလုပ်လက်မဲ့နှုန်းလျော့ကျခြင်း၊

- တိုးတက်မှုနှင့်အတူ လူမှုဖူလုံရေး အာမခံမှုရှိခြင်း၊ လူမှုအသိုင်းအဝိုင်းအတွက် ကာကွယ်ပေးထားခြင်း စသည့် ဆိုရှယ်လစ်စနစ်ဖြစ်သည်။

## ၇။ ဆိုရှယ်ဒီမိုကရေစီစံနှုန်းများ လျော့ကျလာသော ဆိုရှယ်လစ်စနစ် ဆိုရှယ်ဒီမိုကရေစီပါတီများမှ ဟိုက်ပါလစ်ဘရယ်ပေါ်လစီ (HYPER-LIBERAL POLICY) များ ကျင့်သုံးခြင်း ကြောင့် စံနှုန်းများ

- ဟိုက်ပါလစ်ဘရယ်ပေါ်လစီဆိုသည်မှာ ချိုးခြံချွေတာခြင်း၊ ကမ္ဘာ့ရွာဖြစ်လာခြင်း၊ ဥပဒေစည်းမျဉ်းများ လျော့ပေးခြင်း၊ ပုဂ္ဂလိကစီးပွားရေး အများအပြား ဖော်ဆောင်ပေးခြင်းနှင့် နယ်စည်းမခြား ရင်းနှီးမတည်ငွေများ စီးဆင်းရွေ့လျားနေခြင်းစသည့် ပေါ်လစီဖြစ်သည်။

- လျော့ရဲလာသော ဆိုရှယ်ဒီမိုကရေစီစံနှုန်းများသည် ဥရောပနိုင်ငံများတွင် အတော့်ကို အထိနာစေခဲ့သည်။ အမေရိကနိုင်ငံနှင့် အခြားသော နိုင်ငံများအပေါ် ဂယက်ထကာ ထိခိုက်စေခဲ့သည်။

စကင်ဒီနေးဗီးယန်းနိုင်ငံများရှိသမရိုးကျ ဆိုရှယ်ဒီမိုကရေစီ မော်ဒယ်သည် ပုဂ္ဂလိကလုပ်ငန်းများနှင့် အင်တာ ပရိုက်စ်များ ရောပြွန်းနေသော ဈေးကွက်စီးပွားရေးမော်ဒယ်ဖြစ်သည်။ ထို့အပြင် သက်ကြီးရွယ်အိုများနှင့် ကြီးမား သော မိသားစုများကို စောင့်ရှောက်ပေးခြင်း၊ နာမကျန်းနှင့် မသန်းစွမ်းများအား ပြုစုစောင့်ရှောက်ပေးခြင်း၊ လူမှု စီးပွားရေးစောင့်ရှောက်မှုများဖြစ်သော ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့နှုန်းများ လျော့ချခြင်း၊ စီးပွားရေးနှင့် ဒီမိုကရေစီစသည့် ကဏ္ဍများတွင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ခြင်းနှင့် တည်ငြိမ်ခြင်း စသည်တို့လည်း ရောပြွန်းပါဝင်သည့် မော်ဒယ်ဖြစ်သည်။ ၎င်းမော်ဒယ်၏ အဓိက အားနည်းချက်များမှာ ဥရောပယူနီယံ တစ်ခုလုံးနှင့် ဆိုင်သော EUROPEAN SOCIAL UNION PROJECT ကဲ့သော စီမံကိန်းများ မရှိခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ ရှိလာလျှင် နိုင်ငံသားများ၏ လုပ်အားပေးမှုအပေါ်မှီတည်နေခြင်း စသော အားနည်းချက်များ ဖြစ်သည်။

ဆိုရှယ်ဒီမိုကရေစီ ခေလေ့စရိုက်များတွင် ဒီဂရီ အပြင်းအပျော့ ကွာသော်လည်း သမရိုးကျ ဆိုရှယ်ဒီမိုကရေစီစနစ် သည် နိုင်ငံ၏တိုးတက်မှုနှုန်း၊ သာတူညီမျှမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုများတွင် တက်ရိပ်ပြသည်။ စကန်ဒီနေးဗီးယန်း ဆိုရှယ်ဒီမိုကရေစီမော်ဒယ်မှာ နိုင်ငံရေးအရ တရားသေဝါဒမရှိဘဲ စည်းမျဉ်းဥပဒေများကို လျော့ချပေးခြင်းနှင့် အစိုးရမှ ကြားဝင်ဖြေရှင်းပေးခြင်းတို့ကို သမမျှတစွာတည်ဆောက်ထားသော မော်ဒယ်ဖြစ်ခြင်း၊ ကမ္ဘာ့ရွာဖြစ်လာခြင်းနှင့်၊ ရွှေ့ပြောင်းနေထိုင်ခြင်းများ စသည့် ကိန်းရှင်များနှင့် တည်ဆောက်ထားသော မော်ဒယ်လည်းဖြစ်သည်။

ထို့ပြင် ဘာလင်တံတိုင်း ပြိုချခံရခြင်းနှင့်အတူ ဟိုက်ပါလစ်ဘရယ်ဝါဒ (HYPER-LIBERALISM) ကို လက်ခံ လာကြသည်။ ဟိုက်ပါလစ်ဘရယ်ဝါဒဆိုသည်မှာ ဝါဒသဘောတရားပိုင်းဆိုင်ရာတွင် ဆိုရှယ်ဒီမိုကရေစီဝါဒကို အလွန်အကြူး ချဲ့ကားထားသော ဝါဒဟုဆိုလျှင် မမှားနိုင်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက တရားမျှတမှု၊ သာတူညီမျှစွာ အခွင့်အရေးတန်းတူရနိုင်မှု၊ လစ်ဘရယ် သို့ လွတ်လပ်သော အခွင့်အရေးများရရှိမှု၊ စုပေါင်း တာဝန် ထမ်းဆောင်မှုစသော တန်ဖိုးများသည် အချိန်အကန့်အသတ်မရှိ ရှိရမည့် တန်ဖိုးဖြစ်သည်။ ဆိုရှယ်ဒီမိုကရေစီ စနစ်သည် ၎င်းတန်ဖိုးများကို စတေးလိမ့်မည်မဟုတ်ဟု မှတ်ချက်ပေးဖူးသည်။

တိုနီဘလဲ၏ ခေါင်းဆောင်မှုအောက်တွင် ဥရောပနိုင်ငံများသည် NEW LABORAND THIRD WAY ဟုဆိုသည့် အပြောင်းအလဲများ ဖြစ် ပေါ်ခဲ့သည်။ ထိုအခါ ခေတ်သစ်အပြောင်းအလဲသည် သမရိုးကျ ဆိုရှယ်ဒီမိုကရေစီကို ရှုထောင့်သုံးမျိုးမှ ကြည့်မြင်ပြီး ပြောင်းလဲလာခဲ့သည်။ ၎င်းတို့မှာ -

**၁။ ပစ္စုပ္ပန် ပါရာဒိုင်းအရွေ့ကို လိုက်၍ ပြည်တွင်း ပြည်ပ ဈေးကွက်စီးပွားရေးစနစ်ကို ဦးစားပေးဖော်ဆောင်ခြင်း**

ဈေးကွက်စီးပွားရေးသည် တိုးတက်မှုကို မျှော်လင့်သည့် လူမှုအဖွဲ့အစည်းအတွက်ဖြစ်သည်။ ယင်းမှာ ကျမ်းရိုး ဆိုရှယ်လစ် ဝါဒအရ လက်ခံနိုင်သော်လည်း လူမှုအဖွဲ့အစည်းတိုးတက်မှုအတွက် အမှန်တကယ်လိုအပ်ပြီး ၎င်းဈေးကွက် စီးပွားရေးစနစ်ကို နိုင်နိုင်နင်းနင်းဖော်ဆောင်ရမည်ဟု ဆိုထားသည်။

**၂။ အများပိုင်စီးပွားရေးလုပ်ငန်းများကို ငြင်းပယ်ပြီး ကော်ပိုရိတ်စီးပွားရေးကို အားပေး၍ အစိုးရလုပ်ငန်းများ ကိုလည်း ပုဂ္ဂလိကစီးပွားရေးအဖြစ် ပြောင်းလဲလုပ်ကိုင်စေခြင်း**

ယင်းပုဂ္ဂလိကစီးပွားရေးသည် သုတေသန လုပ်ငန်းများ၊ မော်ဒန်စီးပွားရေးလောကနှင့် လျော်ညီစွာ ဖြစ်ပေါ်လာသော မော်ဒန်စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင် လုပ်ငန်းများကို အားပေး လုပ်ဆောင်စေသည်။

**၃။ ကိန်းစ်၏ ဘတ်ဂျက်လိုငွေများကို PUBLIC DEBT မှယူ၍ ဖြည့်တင်းမှုနှင့် ငွေဖောင်းပွမှုဖြစ်စေသည့် ငွေကြေးပမာဏ များပြားလာအောင်ဆောင်ရွက်မှုကို ဖြောင့်ဖြောင့် ဆန့်ကျင်ခြင်း**

ပြည်သူ့ဘဏ္ဍာကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်းနှင့် အပေါင်းလက္ခဏာပြခြင်းသည် ဆိုရှယ်ဒီမိုကရေစီစနစ်၏ ဂုဏ်သိက္ခာဖြစ်သည်။ တိုးတက်မှုနှင့် အလုပ်ကိုင်အခွင့်လမ်း ဖော်ဆောင်ပေးခြင်းကို အနုတ်လက္ခဏာပြနေသော စုစုပေါင်း အသုံးစားရိတ် သို့ ယိုင်နဲ့နေသော စီးပွားရေး အဆောက်အအုံဖြင့် တည်ဆောက်ဖော်ဆောင်၍ မရနိုင်။ နိုင်ငံကြွေးမြီများသည်လည်း အနာဂတ်မျိုးဆက်သစ်များအတွက် ဝန်ထုပ်ဝန်ပိုးလည်း မဖြစ်စေရ။ PUBLIC DEBT ကြီးမားစွာ ယူထား၍ ပညာရေးကဏ္ဍ နှင့် ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်မှုတွင် ဦးစားပေးရင်းနှီးမြှုပ်နှံခြင်း မရှိသည်ကလည်း တိုးတက်မှုကို မဖြစ်စေနိုင်ဟု တိုနီဘလဲက ဆိုထားသည်။

သို့သော် ၎င်းပြောင်းလဲတည်ဆောက်ရေးသည် တကယ့်လက်တွေ့တွင် အလုပ်ကိုင်အခွင့်လမ်းကို မဖန်တီး ပေးနိုင်သည့်အပြင် အလုပ်သမားဝန်ထမ်းများကို အကြောင်းမဲ့ထုတ်ပစ်သည့် ကိစ္စရပ်များကို ပိုမိုများပြားစေခဲ့သည်။ TRADE UNION ကို ဖရိုဖရဲဖြစ်စေခဲ့သည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ဆောင်မှုများနှင့် နိုင်ငံ၏ စည်ပင်သာယာဝ ပြောမှုကို ထိခိုက်ခဲ့သည်။ THIRD WAY ကိုထောက်ခံခဲ့သူအများစုသည် ၎င်းတို့ရွေးချယ်ခဲ့သည့် လမ်းအတိုင်း မြန်မြန်မရောက်ခဲ့။ ဝေးဝေးလည်း မသွားနိုင်ခဲ့ပါ။

ယခုနောက်ပိုင်းနှစ်များအတွင်း ဆိုရှယ်ဒီမိုကရေစီပါတီများ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သည်က များသည်။ BREXIT အတွက် လူထုဆန္ဒခံယူပွဲမှအစ DONALD TRUMP သမ္မတရွေးကောက်ပွဲအထိ အရှုံးကြီး ရှုံးခဲ့ကြသည်။ ဂျာမဏီ၊ ဆွီဒင်၊ ပြင်သစ်၊ စပိန်၊ သြစတြီးယား၊နှင့် အီတလီစသော ဥရောပနိုင်ငံများတွင် ဆိုရှယ်ဒီမိုကရေစီပါတီများ၏ ရှုံးနိမ့်ခြင်းမှာ သိသာထင်ရှားသည်။ တနည်းအားဖြင့် လူပြိန်းကြိုက်ဝါဒီများ လတ်တလော အောင်ပွဲခံနေသည်ဟု ပင် ဆိုနိုင်သည်။

ရွေးကောက်ပွဲများတွင်ကိုယ်ကျိုးအတွက် မဖြစ်နိုင်သော၊ ရေရှည်မတည်တံ့နိုင်သော ကတိကဝတ်များကို ပေးခြင်းကို ယေဘူယျအားဖြင့် လူပြိန်းကြိုက်ဝါဒ ဟုသတ်မှတ်နိုင်သည်။ အမှန်စင်စစ်အားဖြင့် ၎င်းဝါဒသည် ဒီမိုကရေစီ ရွေးကောက်ပွဲများနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်သည်။ ၎င်းဝါဒကြောင့် နိုင်ငံရေးခေါင်း ဆောင်များနှင့် အနိုင်ရသော နိုင်ငံရေးသမားအများစု၏ ဗိုလ်ကျခြင်း သို့ အာဏာရှင် (DICTATORSHIP) ဆန်လာခြင်း တို့ဖြစ်ပေါ်စေနိုင်သည်။

ရေရှည်တည့်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှု ကြီးထွားလာသောအခါ ဆိုရှယ်လစ် အတွေးအခေါ်များ တဖန်ပြန်လည်ဆန်းသစ်လာရသည်။ ပြည်တွင်း ပြည်ပ စီးပွားရေးပေါ်လစီများကြောင့် ဆန်းသစ်လာရသော ဆိုရှယ်လစ်အတွေးအခေါ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

### ၁။ ကမ္ဘာ့ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု

ကမ္ဘာ့ရွာဖြစ်လာခြင်းကြောင့် ဆုံးရှုံးမှုများသည် အသားတင်အကျိုးအမြတ်ရသော်လည်း မကာမိချေ။ ကုန်သွယ်မှုစစ်ပွဲများကြောင့် ပိုမိုဆုံးရှုံးကြရသည်။ ထိုကြောင့်လည်း အကျိုးအမြတ်ကာကွယ်နိုင်သော အတွေးအခေါ်များ အိုင်ဒီယော်လော်ဂျီများ ပြန်ထွန်းကား လာရသည်။

### ၂။ လုပ်သားအင်အားအများအပြား ရွှေ့ပြောင်းနေထိုင်ခြင်း

တံခါးမရှိ ဓါးမရှိ ရွှေ့ပြောင်းသွားလာနိုင်သော ကမ္ဘာ့ရွာကြီးတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများကြောင့် ရရှိသောအကျိုးအမြတ်သည် ခန့်မှန်းသည်ထက် ပိုမိုရရှိနေသည်ကို တွေ့ရသည်။ ရွှေ့ပြောင်းလုပ်သားများကြောင့် ကမ္ဘာ့အသားတင်တိုးတက်မှုသည် ၇% မှ ၁၇% အထိတိုးတက်နှုန်းရှိသည်။ သို့သော်လည်း ရွှေ့ပြောင်းလုပ်သား များသည် အလုပ်ရှင်ထံမှ အကျိုးအမြတ်ရသလို လုပ်သားများ၏မူရင်းနိုင်ငံများမှလည်း အကျိုးအမြတ်ရသည်။ သို့သော် ထိုအကျိုးအမြတ်များသည် ကမ္ဘာ့ရွာဖြစ်လာခြင်းကြောင့် ဆုံးရှုံးမှုကို မဖာထေးပေးနိုင်ချေ။ ကမ္ဘာ့ရွာ ဖြစ်လာခြင်းကြောင့် မူရင်းနေထိုင်ရာနိုင်ငံနှင့် ၎င်းနိုင်ငံအတွင်း တည်ထောင်ထားသော လုပ်ငန်းများအနေဖြင့် လုပ်သားအင်အားဆုံးရှုံးရသည်။ အကယ်၍ နိုင်ငံတကာမှ မိခင်နိုင်ငံသို့ ငွေကြေး လွှဲပြောင်းပေးရန် အခက်အခဲ ရှိနေပါက သို့မဟုတ် ရွှေ့ပြောင်းနိုင်ငံရှိ အလုပ်အကိုင်အကြပ်အတည်းကြောင့် မိခင်နိုင်ငံသို့ ငွေကြေး လွှဲပြောင်း မပေးနိုင်ခဲ့လျှင် လုပ်သားအင်အားဆုံးရှုံးသလို ၎င်းကြောင့် ရရှိမည့် အကျိုးအမြတ်လည်း ဆုံးရှုံးရသည်။ ခေတ်သစ် ဆိုရှယ်လစ်အတွေးအခေါ်အရဆိုရလျှင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ခွင့်ပြုပေးနိုင်သည် ရွှေ့ပြောင်းလုပ်သား ပမာဏ ကိုသာ ခွင့်ပြုပေးရမည်ဖြစ်ပြီး စည်းကမ်းတင်းကျပ်ထားရမည်ဟုဆိုသည်။ ၎င်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် ရွှေ့ပြောင်းလုပ်သားပမာဏကိုလည်း ၎င်းနိုင်ငံမှ ယိုစီးမှုဒဏ်ခံနိုင်သည့် ငွေကြေး ပမာဏ အထိသာ ကန့်သတ်ခွင့်ပြု ပေးသင့်သည်။

### ၃။ လူ့ထုအကျိုးပြု အဆောက်အအုံများ တည်ဆောက်မှုတွင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လာခြင်း

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဆောက်အအုံအသစ်များတွင် သော်လည်းကောင်း၊ ရှိပြီးသား အဆောက်အအုံများအတွက် ပြုပြင်ထိန်းသိမ်းရမည့် နေရာများတွင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဆောက်အအုံ အသစ်များနှင့် အိမ်ယာအသစ်များ ဆောက်လုပ်ခြင်းတွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။

### ၄။ ဒစ်ဂျစ်တယ်နည်းပညာများ ဖွံ့ဖြိုးလာခြင်း

ဒစ်ဂျစ်တယ်နည်းပညာဟုဆိုရာတွင် လုပ်ငန်းများတွင် စက်ရုပ်အစားထိုးလုပ်ကိုင်လာခြင်း၊ ခရစ်တိုငွေကြေး (CRYPTOCURRENCY)၏ BLOCKCHAIN တိုးတက်လာခြင်း၊ အသိဉာဏ်တုနှင့် သုံးဖက်မြင်နည်းပညာများ တိုးတက်လာခြင်းတို့ကို ဆိုလိုသည်။ အဆိုပါ ဒစ်ဂျစ်တယ်နည်းပညာများသည် ရေရှည်ကာလတွင် အကျိုးများ စွာဖြစ်ထွန်းနိုင်သည်ဟု ဆိုသော်လည်း ကာလတိုတစ်ခုအတွင်း အလုပ်ကိုင်ရှားပါးလာခြင်း၊ လုပ်ငန်းဖွဲ့စည်းပုံ မတည်မငြိမ်ဖြစ်လာခြင်း နှင့် ဝင်ငွေနည်းပါးလာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

## ၅။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ပြန်လည်ကုစားခြင်း

ပြန်လည်အစားထိုး၍ မရနိုင်သော သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ပြုန်းတီးမှုများ မဖြစ်အောင် ထိန်းသိမ်းရမည်။ ယနေ့ခေတ် အလွန်အကျွံသုံးစွဲမှုများကြောင့် အနာဂတ်တွင် အန္တရာယ် ရင်ဆိုင်ရလိမ့်မည်ဟု ပညာရှင်များကလည်းဆိုထားသည်။

## ၆။ ဖန်လုံအိမ်ဓာတ်ငွေ့ကို လျှော့ချခြင်း

ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် ရာသီဥတုပူနွေးမှုဖြစ်လာပြီး မူမမှန်သော ရာသီဥတုဖောက်ပြန်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ရာသီကပ်ဆိုးများကြောင့် လူမှုစီးပွားရေး ပျက်ဆီးမှုများနှင့် ကြုံတွေ့ရသည်မှာ ငြင်းစရာမရှိသောအချက်ဖြစ်သည်။

ရှေးယခင်မှ နမိတ်ဖတ်ခဲ့သော ကမ္ဘာပျက်ကိန်းများ မှားယွင်းကြောင်းကို အိုင်းဗင်းဖစ်ရှာမှ သက်သေ ပြခဲ့ပြီးဖြစ် သည်။ သို့သော် ဘေးအန္တရာယ်ကပ်ဆိုးများအတွက် စိုးရိမ်ကြောင့်ကြမှုကတော့ လျော့မသွားချေ။ စတိန်း၏ ဥပဒေသအရ ပြောရလျှင် အကယ်၍များ တစ်စုံတစ်ခုက ထာဝရ ရှေ့ဆက်မသွားနိုင်တော့လျှင်၊ မရှင်သန်နိုင်တော့လျှင် ၎င်းအရာသည် ရပ်တန့်သွားလိမ့်မည်ဟု ဆိုသည်။ အထူးအဆန်းတော့အဟုတ်။ သို့သော် အထက်ပါအကြောင်းအရာများကို မဖြေရှင်းနိုင်သမျှ ဝင်ငွေနှင့် စီးပွားဥစ္စာဓနများအတွက် မညီမျှမှုကွာဟချက်သည် ကြီးသထက် ကြီးလာလိမ့်မည်ဖြစ်သည်။ ဆိုးဆိုးဝါးဝါးကွာဟမှုများကပင် ကမ္ဘာ့အန္တရာယ်ကပ်ဆိုးများသို့ လက် ယက်ခေါ်နေ သယောင်ယောင်။

## ယနေ့ခေတ်ကမ္ဘာ့မှာ ရင်ဆိုင်နေရသော ရင်ဆိုင်မှုများ၊ ပြဿနာများကို မည်သို့သော ဆိုရှယ်လစ်စနစ်က ဖြေရှင်း နိုင်မည်နည်း။

ပြိုကွဲခဲ့သော ဆိုဗီယက်ယူနီယံကဲ့သို့ ဗဟိုချုပ်ကိုင်ထားသော၊ ကွန်မြူနစ်ပါတီတစ်ခုတည်းမှ အာဏာရယူထား သော ဆိုရှယ်လစ်စနစ်မျိုး လုံးဝမဖြစ်နိုင်တော့ပါ။ ထိုနည်းတူ ဆိုရှယ်လစ်စနစ်မအောင်မြင်ခဲ့သော ကျူးဘား နိုင်ငံအတွက် ချေဂွေဗားရားမှ ဝေဖန်ခဲ့သော စကားတစ်ခွန်းရှိသည်။ ဆိုရှယ်လစ်စနစ်သည် လူအများကို လူ့သဘာဝ အတိုင်း လက်ခံနိုင်ရမည် ဟူ၍။

၎င်းတို့နှင့် ခေတ်ပြိုင် တရုတ်နိုင်ငံတွင်ကျင့်သုံးခဲ့သော မော်ဒယ်သည် စီးပွားရေးကဏ္ဍတွင် အလွန်တရာ အောင်မြင်ခဲ့ပြီး နိုင်ငံရေးကိစ္စရပ်များတွင် ဒီမိုကရေစီနှင့်လားလားမှမဆိုင်သော အာဏာရှင်စနစ်ဖြစ်ထွန်းနေခြင်း၊ ဖိနှိပ်ချုပ်ချယ်ထားခြင်းနှင့်ပုဂ္ဂလိက အရှင်းရှင်စီးပွားရေးစနစ်ကို ဥပဒေများနှင့်ထိန်းချုပ်ထားခြင်း စသည်တို့နှင့်လည်ပတ်သော မော်ဒယ်ဖြစ်သည်။ တစ်စုံတစ်ယောက်သော ခေါင်းဆောင်သည် ပြည်တွင်းပြည်ပ ယှဉ်ပြိုင်ဈေးကွက်စီးပွားနစ်ကို စွန့်ပယ်ပြီး တရုတ်စီးပွားရေးမော်ဒယ်ကို အတုယူ ဆောင်ရွက်နိုင်ဖွယ်ရာရှိသည်။

သို့သော် စာရေးသူစိတ်ထဲရှိသည့်အတိုင်း ထောက်ခံမဲပေးရလျှင် ဆိုလျှင် ဆိုရှယ်ဒီမိုကရက်တစ် စီးပွားရေး မော်ဒယ်ကိုသာကျင့်သုံးစေလိုသည်။ အဘယ်ကြောင့်ဆိုသော် စုပေါင်းဆောင်ရွက်သည့်စနစ်မျိုးထက် စာလျှင် ဖွဲ့စည်းပုံ(INSTITUTION) ကောင်းမွန်စွာရှိပြီး ပေါ်လစီခိုင်ခိုင်မာမာရှိသည့် မော်ဒယ်ဖြစ်သည်။ အခြေခံအား ဖြင့်ဆိုရလျှင် ပြည်သူ့ဘဏ္ဍာအပေါ်မူတည်ပြီး ဆုံးဖြတ်ချက်ချရသည်။ ဘဏ္ဍာရေးပေါ်လစီ၊ ချေးငွေအစရှိသည့် ငွေကြေးအခြေအနေကို စီမံခန့်ခွဲရသည့် ငွေကြေးပေါ်လစီ၊ ပုဂ္ဂလိကဘဏ်များနှင့် ဗဟိုဘဏ်တို့ ပူးပေါင်း တွက်ချက် စီမံရသည့် အတိုးနှုန်းနှင့် ငွေလဲလှယ်နှုန်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုစသည့် ဘောဂဗေဒကရိယာများနှင့် မှီတည် ဆုံးဖြတ် လုပ်ဆောင်ရသည့် ဈေးကွက်စီးပွားရေး တစ်မျိုးပင်ဖြစ်သည်။

အထက်ပါ စီးပွားရေးပေါ်လစီသည် ဆိုခဲ့ပြီးသည့်အတိုင်း ပေါ်လစီ ခိုင်ခိုင်မာမာရှိသည့်အတွက် အလုပ်ကိုင်အခွင့်လမ်းများ ပုံမှန်ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံ စည်ပင်ဝပြောမှုကို တိုးပွားစေခြင်း၊ ဆင်းရဲခြင်းမှ ကင်းလွတ်နိုင်ခြင်း၊ ကျန်းမာရေး အာမခံချက်ရှိခြင်း၊ အခမဲ့ အခြေခံပညာရေးကိုထောက်ပံပေးနိုင်ခြင်း၊ အနိမ့်ဆုံး အငြိမ်းစားပင်စင်ခံစားခွင့်ကို သတ်မှတ် ပေးထားနိုင်ခြင်းစသည့်ကောင်းကျိုးများရရှိနိုင်သည်။

ဆိုရှယ်ဒီမိုကရက်တစ် စီးပွားရေးပေါ်လစီသည် စီးပွားရေးအဆောက်အအုံတွင် နိုင်သူစားစတမ်းဆိုသည့် သဘောကို အလာဂျစ်ဖြစ်ပြီး စီးပွားရေးလုပ်ငန်များကို နည်းပညာအကူညီပေးခြင်း၊ ဆန်းသစ်သော လုပ်ငန်းများနှင့် VALUE-ADDED လုပ်ငန်းများကို မြှေတောင်မြှောက်ပေးခြင်းနှင့် ပုဂ္ဂလိက အသေးစားလုပ်ငန်းများကိုလည်း အားပေး အားမြှောက်ပြုသည့် ပေါ်လစီဖြစ်သည်။ နိုင်ငံတကာ ကုန်သွယ်ရေးကဏ္ဍတွင်လည်းယှဉ်ပြိုင်နိုင်ခြင်းမရှိသော လုပ်ငန်းများအတွက် အာမခံချက်ပေးထားသော လျော်ကြေးမတ္တာစနစ်များကို ပြဋ္ဌာန်းထားသည်။ လျော်ကြေးငွေ ပေးချေရသော မတ္တာစနစ်များမရှိလျှင် အစိုးရမှ ရည်ရွယ်ချက်ရှိရှိ အရင်းအနှီး ပြန်လည် မတည်ပေးသည့် စနစ် ရှိသည်။

သို့နှင့် စာရေးသူသည် အရမ်းအကောင်းမြင်ပြီး ကောင်းကျိုးများကိုသာ ကွက်ဖော်ပြသူဟု ထင်နိုင်ဖွယ်ရာ ရှိသည်။ အမှန်တိုင်းဆိုရလျှင် ဆိုရှယ်ဒီမိုကရက်တစ် စီးပွားရေးစနစ်ကို ရွေးချယ်ထူထောင်သောအခါ ၎င်းစနစ်၏ အောင်မြင်မှုပန်းတိုင်ကို သွားနိုင်ရန် ကြားကာလ ဆင့်ပွားဖြစ်စဉ်များသည် စေ့ငုကြည့်ရှုပင်လျှင် အတော့်ကို ဆိုးဆိုးဝါးဝါး ကြုံတွေ့ရနိုင်သည့် ဖြစ်ရပ်များရှိသည်။ ကြားကာလဆင့်ပွားဖြစ်စဉ်အတွင်း တရားမျှတသော သာတူညီမျှမှု ပျက်သုဥ်းခြင်း၊ တစ်နယ်နှင့် တစ်နယ်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး၊ ဘာသာရေး တစ်ခုမှ နောက်တစ်ခုသို့ စစ်မက်ဖြစ်ပွားခြင်း၊ လူသားမဆန် လစ်လျူရှုမှုများ၊ လိုအင်လောဘ မပြည့်ဝခြင်းများနှင့် ရောဂါဘယများ ထူပြောလာခြင်းစသည့် ကာလနာ ဖြစ်စဉ်များကို စာရေးသူတို့ မျိုးဆက်သည်သာမက နောင်ကာလ မျိုးဆက်များပါ ခံရလိမ့်မည်။

**PROF. DOMENICO MARIO NUTI ၏ ဆောင်းပါး (RISE, FALL AND THE FUTURE OF SOCIALISM) ကို ဆီလျော်အောင် ဘာသာပြန်ပါသည်။**